# မန်းမင်းသတင်းလွှာ

အမှတ်စဉ် (၁၀) ၂၀၁၅ ခု၊ ဇန္နဝါရီလ (၁၈) ရက်




## အဖသင်းအုပ်ဆရာထံမှ နှုတ်ခွန်းဆက်စကား

"သင်ထလော့။ လင်းလော့။ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ ဘုန်းတော်သည် သင်၏ အပေါ်မှာ ပေါ်ထွန်းလျက်ရှိ၏။ ကြည့်ရှုလော့။ မှောင်မိုက်သည့်မြေကြီးကို ဖုံးလွှမ်းလိမ့်မည်။ ထူထပ်သော မှောင်မိုက်သည့်လူများကို ဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း သင်၏အပေါ်မှာ ထာဝရ ဘုရားသည် ပေါ်ထွန်း တော်မူ၍ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက်ရှိလိမ့်မည်။ တစ်ပါး အမျိုးတို့သည် သင်၏အ လင်းသို့၄င်း၊ ရှင်ဘုရင်တို့သည် သင်၏ပေါ်ထွန်းခြင်းအရောင်သို့၄င်း လာကြ လိမ့်မည်။" (ဟေ ၆၀း၁-၃)

ခရစ်တော်၌ ချစ်သောညီအစ်ကိုမောင်နှမများခင်ဗျာ ဘုရားသခင်သည် ၁၉၈၂ ခုနှစ်တွင် မန်းမင်းဗဟိုအသင်းတော်ကို စတင်တည်ထောင်ခဲ့ပြီး မကြာမီ တစ်ဖန် ပြန်ကြွလာမည့် သခင်ဘုရား၏ ကွယ်ကာစောင့်ရှောက်မှုအားဖြင့် နှစ်ကုန်သည်အထိ ရောက်လာခွင့်ရ ရှိခဲ့ကြပါသည်။ ဘုရားသခင်၏ ဘုန်းတော်၊ ဂုဏ်တော်အပေါင်းတို့သည် သာ၍ ချီးမွမ်းခြင်းရှိပါစေသော။

၂၀၁၄ ခုနှစ်တွင် ၃၂ နှစ်မြောက် အသင်းတော်၏ ဆုတောင်းချက် (၄) ချက်ကို ဘုရားသခင်က ပေးခဲ့ သည်။ ၄င်းတို့မှာ ထိုအမှုကို ငါပြုလိမ့်မည်၊ သာသနာလုပ်ငန်း၊ သန့်ရှင်းရာဌာန၏ အလင်းတောက်ပပါစေ၊ အ သင်းတော်ကို အားသစ်လောင်းသင်တန်းပေးပါစေသည်ဖြင့် ဖြစ်သည်၊ တစ်နှစ်တာကာလအတွင်း ဝိညာဉ်ရေး ရာသတ်မှတ်ချက်စံချိန်နှင့်ကိုက်ညီစေခြင်း၊ ယေရုဆလင်မြို့သစ်တွင် နေထိုင်နိုင်ဖို့ မျှော်လင့်စေခြင်း၊ ကောင်း ကင်နိုင်ငံ၏ အကောင်းဆုံးနေရာ သိုးထိန်း၏ ရဲတိုက်ပထမထပ်၊ ဒုတိယထပ်တွင် ဝင်ခွင့်ရစေရန် မျှော်လင့်ခြင်း စသည့်အခွင့်ထူးများကို အသင်းတော်အား ပေးခဲ့သည်။

၂၀၁၅ ခုနှစ်တွင် အသင်းတော်ကို အားသစ်လောင်းခြင်းတန်ခိုးအားဖြင့် လူတို့ကြံစည်တွေးတောနိုင် သည်ထက် သာ၍ ကောင်းကြီးခံစားရမည်ဖြစ်သဖြင့် ဘုရားသခင်၏ ဘုန်းတော်ကိုသာ၍ ထင်ရှားစေလိမ့်မည်။ ထို့ကြောင့် ဘုရားသခင်ပေးသည့်ကောင်းကြီးမင်္ဂလာကိုရနိုင်ဖို့ ဆုတောင်းချက် (၄) ချက်ကို ဆင်ခြင်ပေးကြ ပါစို့။

### (၁) ဘုန်းတော်ထင်ရှားခြင်း။ ဘုရားသခင်၏ဂုဏ်တော်ကို အပြည့်အဝထင်ရှားစေနိုင်ဖို့ သိုးထိန်းနှင့် ပူးပေါင်း ရမည်။

"နောက်တည်သော ဤအိမ်တော်သည် အရင်အိမ်တော်ထက်သာ၍ ကြီးလိမ့်မည်ဟု ကောင်းကင် ဗိုလ် ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ ဤအရပ်၌လည်း ငြိမ်သက်ခြင်းကို ငါပေးမည်ဟု ကောင်းကင်ဗိုလ် ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။" (ဟဂ္ဂဲ ၂း၉)

ကမ္ဘာပေါ်ဝယ် အသင်းတော်များစွာ ရှိသည့်အနက် မန်းမင်းဗဟိုအသင်းတော်ကို ဘုရားသခင်၏ ပြင် ဆင်မှုဖြင့် တည်ထောင်ထားသည်။ ဤအသင်းတော်သည် ဘုရားသခင်၏ နောက်ဆုံးကာလအတွက်ထားသော အကြံအစည်တော်ကို အကောင်အထည်ဖော်ပြီးမှ ကိုယ်တော်၏ ဘုန်းတော်ကို ထင်ရှားစေနိုင်လိမ့်မည်။

ထို့ကြောင့် ဘုရာသခင်သည် အသင်းတော်အနေဖြင့် သူ၏ စိတ်နှလုံးနက်နဲမှု၊ သူပြင်ဆင်ထားသော အရာများကို သဘောပေါက်စေခြင်း၊ သူ၏တန်ခိုးတော်အားဖြင့် သက်သေခံခြင်း၊ သိုးထိန်းအားဖြင့် သူ၏တရား သဖြင့် စီရင်ဆုံးဖြတ်ချက်များကို တွေ့ကြုံစေခြင်းများတည်းဟူသော ဝိညာဉ်ရေးရာရေစီးဆင်းမှုကို ခွင့်ပြုခဲ့ သည်၊ မန်းမင်းအသင်းတော်အနေဖြင့် နိုင်ငံလုံးဆိုင်ရာ ဧဝံဂေလိလုပ်ငန်း၊ ကမ္ဘာ့သာသနာပြု လုပ်ငန်းတည်း ဟူသော ဣသရေလနိုင်ငံအတွက် သန့်ရှင်းသော ဧဝံဂေလိတရားဖြန့်ဝေခြင်း၊ နိမိတ်လက္ခဏာများပြသခြင်း၊ မြေကြီးစွန်းတိုင်အောင် သွားရောက်သာသနာပြု ခြင်းတို့ဖြင့် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေနိုင် ခဲ့ကြသည်။ ဘုရားသခင်အနေဖြင့် ယခင်ထက်သာ၍ ကြီးမားသည့် ချီးမြောက်ခြင်းခံယူလိုသော ဆန္ဒရှိသည်၊

သာ၍ထင်ရှားလာမည့် ဘုရားသခင်၏ ဘုန်းတော်သည် နိုင်ငံတကာ၏ စိတ်ဝင်စားမှုကို ခံရလျက် သူတို့အတွက် ဘုရားသခင်ကို တွေ့နိုင်စရာအကြောင်း ဖြစ်လာမည်၊ ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ကျွန်ုပ်တို့အ နေဖြင့် သိုးထိန်းနှင့် ခိုင်မာသည့်ပူးပေါင်းမှုထားရှိကာ ကောင်းကြီးမင်္ဂလာများစွာ ခံယူပြီး ဘုရားသခင်၏ ဘုန်း တော်ကို ထင်ရှားစေနိုင်သောသူများဖြစ်ကြပါစေ။

### (၂) အသီး။ ဘုရားသခင် အလိုရှိသော အသီးတည်းဟူသော ပြီးပြည့်စုံမှုရှိသည့် ဝိညာဉ်အသီး၊ လှပသော အသီးကို သီးကြပါစို့၊

"ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင်သန့်ရှင်းစေတော်မူပ ါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို ပြစ် တင်ခွင့်နှင့် ကင်းလွတ် စေခြင်းငှာ စောင့်မတော်မူပါစေသော။" (၁သက် ၅း၂၃)

လူ့အမြင်တွင် ဝိညာဉ်အသီးအပွင့်သီးပွင့်နိုင်သော သူကို ဘုရားသခင်အနေဖြင့် ကျန်းမာသောဝိညာဉ်ဟု သတ်မှတ် ထားသည်၊ သိုးထိန်း၏ မျက်ရည်နှင့် ပေးဆပ်ခြင်းတို့သည် ကျန်းမာသော ဝိညာဉ်ကို သာ၍ မြင့်ရာ အရပ်သို့ ပို့ဆောင် ပေးလိမ့်မည်။ ဤဝိညာဉ်စီးဆင်းမှုနှင့်အတူ မျောပါသွားရုံသာမက ကမ္ဘာ့နေရာအနှံ့သို့ သွား ပြီး လက်ကိုင်ပုဝါ၏ တန်ခိုး ဖြင့် လူအမြောက်အများကို သခင်ဘုရားထံသို့ ပို့ဆောင်ကြပါစို့၊ ထိုသို့လုပ်ဆောင် နိုင်ဖို့ ဝိညာဉ်အသီးအပွင့်များကို လှိုင် လှိုင်သီးပွင့်ဖို့ လိုအပ်လိမ့်မည်၊

ဘုရားသခင်ရေးဆွဲထားသော အစီအစဉ်သည် နောက်ဆုံးကာလအသင်းတော်၌ သိုးထိန်းတစ်ပါးတည်း (သို့) ဝိညာဉ်ရေးရာ ကျန်းမာသူတစ်စုအားဖြင့် အကောင်အထည်ဖော်၍ ရနိုင်မည်မဟုတ်ပါ။ သိုးထိန်း၏ ရှုပ်ရုံကို ဖြန့်ဝေမည့် ဝိညာဉ်ရေးရာ ကျန်းမာသူအမြောက်အများ ထွက်ပေါ်လာသောအခါ ဘုရားသခင်၏ အမှု တော်မြတ်ပြီးစီးလိမ့်မည်၊

### (၃) ဘုရားသခင်၏ ဘုန်းတော်ကိန်းဝပ်ရာ လှပသော သန့်ရှင်းရာဌာနကို တည်ဆောက်ကြပါစို့၊

"ကြီးမြတ်သောတောင်သို့ ဝိညာဉ်တော်အားဖြင့် ငါ့ကို ဆောင်သွား၍၊ သန့်ရှင်းသော ယေရုဆလင်မြို့ သည် ဘုရားသခင်၏ ဘုန်းတော်နှင့်ပြည့်စုံလျက် ဘုရားသခင်အထံတော်၊ ကောင်းကင်ဘုံမှည ဆင်းသက်သည် ကို ငါ့အား ပြလေ၏။ ထိုမြို့၏ အရောင်အဝါသည် ကျောက်သလင်းနဂါးဘွဲ့ကဲ့သို့ အမြတ်ဆုံးသောကျောက် မြတ်မွန်နှင့် တူ၏။" (ဗျာ ၂၁း၁၀-၁၁)

ယေရုဆလင်မြို့သစ်၏ ဂုဏ်အသရေနှင့် ပြည့်စုံသော သန့်ရှင်းရာဌာနကို တည်ဆောက်ရန် ဘုရားသ ခင်သည် အသင်းတော်ကို ခွင့်ပြုခဲ့သည်။ ထိုသန့်ရှင်းရာဌာနမှတဆင့် သူ၏ သားသမီးများ၏ အားကြီးသော ချီး မွမ်းကိုးကွယ်ခြင်း ခံရရန် ဘုရားသခင်အနေဖြင့် မျှော်လင့်လျက် ရှိသည်။ ဤကာနန်စီမံကိန်း၊ သန့်ရှင်းရာ ဌာနတည်ဆောက်ခြင်းပြီးစီးသောအခါ မရေမတွက်နိုင်သော ကောင်းကြီးမင်္ဂလာများ ရောက်ရှိလာမည်။ ဘုရား သခင်၏ အလိုတော်အတိုင်း ဝိညာဉ်ကျန်းမာ သောသူအားလုံး ဤအစီအစဉ်သို့ပါဝင်ရန် နှိုးဆော်တိုက်တွန်းပါ ရစေ။

### (၄) အားသစ်လောင်းခြင်းတန်ခိုးအားဖြင့် လူတို့ကြံစည်သမျှထက်သာ၍ ကောင်းကြီးခံစားရလိမ့်မည်၊

အားသစ်လောင်းခြင်းတန်ခိုးဆိုသည်မှာ ဘုရားသခင်ဖန်ဆင်းသစ်နှင့် မြေကြီးသစ်၏ တန်ခိုးကို ဆိုလို သည်၊ (ကမ္ဘာ ၁း၃) အရာခပ်သိမ်းကို အသစ်ပြန်လည်ဖန်ဆင်းရာကာလတွင် သိုးထိန်း၏ မေတ္တာသည် လူတို့အပေါ် သို့ ကျရောက်လျက် လူသည် မူလစိတ်သဘောမရှိတော့ဘဲ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် အရာ တရားမျှတခြင်းကို ရွေးချယ်နိုင် လိမ့်မည်၊ ထိုသို့သော အမှုသည် အားကြီးစွာ ထွက်ပေါ်လာမည်၊

မျက်မှောက်ခေတ်ကမ္ဘာသည် အပြစ်ဒုစရိုက်နှင့်ပြည့်ဝသောကြောင့် လူကောင်းကို တွေ့ဖို့ ခဲယဉ်းသည်၊ ထို့ကြောင့် သခင်ဘုရားကို လက်ခံသူနည်းပါးသည်၊ သို့သော် အသစ်ဖန်ဆင်းခြင်းတန်ခိုးကျရောက်ခဲ့သော် ယုဒရှာကရုတ်ကဲ့သို့ ဆိုးသွမ်းသောသူများပင်လျှင် သခင်ဘုရားကို ပြန်လည်လက်ခံလာကြလိမ့်မည်။ ဤသို့ဖြင့် လူအမြောက်အမြားကယ်တင်ခြင်းသို့ ရောက်၍ ကောင်းကြီးမင်္ဂလာခံစားကြရလိမ့်မည်၊ ထို့နောက် သာ၍ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေနိုင်သည့် အရပ်တည်းဟူသော ယေရုဆလင်မြို့သစ်သို့ဝင်မည့် သူဦးရေတိုးပွားလာမည်၊

လက်စွဲအသင်းတော် ၁၀၀၀၀ပါးတွင် ရှိသော အသင်းသူအသင်းသားများ၊ ဓမ္မအမှုတော်ဆောင် အ ပေါင်းတို့ နောက်ဆုံးသော ကာလဖြစ်သည့် ၂၀၁၅ ခုနှစ်အတွင်း ဘုရားသခင်၏ အမှုတော်မြတ်အကောင်အ ထည်ဖော်ရန် အမြောက် အများ ရှိသည်။ သင်သည် ဝိညာဉ်ကျန်းမာသောသူ၊ ဝိညာဉ်အသီးအပွင့် သီးပွင့်နိုင် သောသူဖြစ်သော သိုးထိန်းနှင့်ပူးပေါင်း ကာ ဘုရားသခင်၏ဘုန်တော်ပြည့်ဝရာ ယေရုဆလင်မြို့သို့ ဝင်စားနိုင်ဖို့ ကျွန်ုပ်ဆန္ဒပြုအပ်ပါသည်၊


အဖသင်းအုပ်ဆရာ ဒေါက်တာဂျေရောက်လီ

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်နေ့

# “သင်၏ ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မှုသားနှင့်ဆိုင်၍ မမြွက်ဆိုနှင့်”

“သင်၏ ဘုရားသခင် ထာဝရဘုရား၏ နာမတော်ကို မှုသားနှင့်ဆိုင်၍ မမြွက်ဆိုနှင့်။ အကြောင်း မူကား နာ မတော်ကို မှုသားနှင့် မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ။” (ထွ ၂၀း၇)



သင်းအုပ်ဆရာကြီးဒေါက်တာဂျေရောက်လီ

ကောလင်းအဘိဓာန် အရ တစ်စုံတစ်ဦး၏နာမည်ကို အလွဲသုံးစားပြုလုပ်ခြင်းသည် သူ့ကို အသရေဖျက် ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ဘုရားသခင်၏ နာမတော်ကို အလွဲသုံးစားပြုလုပ်ခြင်းသည် သူ၏ သန့်ရှင်းကို အသရေ ဖျက်ခြင်း ဖြစ်သည်။

သူ၏နာမကို အလွဲသုံးစားပြုလုပ်သောသူတို့ကို ဘုရားသခင်သည် အလွဲသုံးစားပြုလုပ်သောသူတို့ကို ဘုရားသခင်သည် အလွတ်ထားမည်မဟုတ်ပါ။ ဘုရားသခင်၏နာမကို အလွဲသုံးစားပြုလုပ်သောသူသည် အပြစ်ဒဏ်ခံယူဖို့ ထိုက်တန်ရသည့်အကြောင်းပြချက် (၃)ချက်ကို လေ့လာကြပါစို့။

### ၁) သူတို့သည် ဘုရားသခင်အား ဖန်ဆင်းရှင်ဘုရားသခင်အဖြစ် မယုံကြည်သော အပြစ်ရှိသည်။

အတွေးအခေါ်ပညာရှင်အချို့တို့အနေဖြင့် လေးနက်စွာ တွေးခေါ်ပြီးမှ ဘုရားသခင်သေပြီဟု ပြော လာသကဲ့သို့ သာမန်လူတန်းစားအချို့မှလည်း ဘုရားသခင်မရှိပါဟု ပြောခဲ့ကြသည်။

ရုရှားအာကာသယာဉ်မှူးတစ်ဦးက အာကာသသို့ပျံတက်ခဲ့ပြီး ဘုရားသခင်ကို မတွေ့ခဲ့ရပါဟု ပြော၏။ သို့သော် အမေရိကအာကာသယာဉ်မှူးများကဆိုလျှင် အာကာသတို့ပျံတက်ပြီးမှ ဘုရားသခင်၏ မျက်မှောက် တော်ကို ခံစားခဲ့ရပြီဟု ဝန်ခံကြသည်။ ရုရှားအာကာသယာဉ်မှူး၏ စကြာဝဠာလေ့လာတွေ့ရှိချက် မည်မျှအထိ သေးငယ်သွားသည်ကို တွေ့နိုင်သည်။ စကြဝဠာအတွင်း ဖန်ဆင်းခြင်းခံရသောအရာများကို အရာများကို တွေ့ခဲ့ ရပြီး ဖန်ဆင်းရှင်ကို မတွေ့ရသော အမှုသည်မည်မျှကြီးမားသည့် ရူးမိုက်ခြင်းဖြစ်မည်နည်း။

“ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ်၏။ ထိုသို့သော သူသည် ဆွေးမြေ့ယိုယွင်း၍ စက်ဆုပ် ဖွယ်သော ဒုစရိုက်ကို ပြုတတ်ကြ၏။ ကောင်းသောအမှုကို ပြုသောသူတစ်ယောက်မျှမရှိ” (ဆာ ၅၃း၁) ဖန်ဆင်း ခြင်းခံရသော အရာများကို နှိမ့်ချသောစိတ်အားဖြင့် ကြည့်မည်ဆိုလျှင် ဖန်ဆင်းရှင်အသက်ရှင်တော်မူသော ဘုရားသခင်ကို တွေ့လိမ့်မည်။ (ရော ၁း၂၀)

ဓမ္မဒေသနာရှင်များနှင့် ယေရှုခရစ်တော်ဘုရားတို့အနေဖြင့် ဘုရားသခင်အသက်ရှင်တော်မူကြောင်း သက်သေပြနိုင်ခဲ့ကြသည်။ သို့သော် အချို့တို့သည် စိတ်နှလုံးမာကျောသဖြင့် ဘုရားသခင်၏ နာမတော်ကို အလွဲသုံးစားပြုလုပ်သော ကြောင့် အပြစ်ဒဏ်စီရင်ခြင်းခံရလိမ့်မည်။

### ၂) ဘုရားသခင်၏ နာမတော်ကို မှုသားနှင့်ဆိုင်၍ မြွက်ဆိုခြင်းသည် သူ့ကို ပြက်ရယ်ပြုခြင်းဖြစ်သည်။

တစ်စုံတစ်ယောက်ကို ပြက်ရယ်ပြုခြင်းသည် လှောင်ပြောင်ခြင်းဖြစ်သည်။ ဘုရားသခင်ကို ကဲ့ရဲ့ လှောင်ပြောင ခြင်းသည် အပြစ်နှင့်လွတ်လိမ့်မည်ဟု ပြောနိုင်မည်လား။

“ထာဝရဘုရားသည် ကြီးမြတ်၍ အလွန်ချီးမွမ်းဖွယ်ဖြစ်တော်မူ၏။ ဘုရားတကာတို့ထက် ကြောက်ရွံ့ ဖွယ် ဖြစ်တော်မူ၏။” (ဆာ ၉၆း၄) “သို့ရာတွင် သင်သည် ငါ့မျက်နှာကို မမြင်နိုင်ရာ။ ငါ့မျက်နှာကိုမြင်လျှင် အ သက်ရှင်ရသော လူတစ်စုံတစ်ယောက် မျှမရှိ” (ထွ ၃၃း၂၀) ဘုရားသခင်သည် ကြီးမြတ်တော်မူ၏။ (၁တိ ၆း၁၆)

ကိုရီးယားလူမျိုးများသည် မိဘ၊ အသက်ကြီးသူများကို နာမည်တပ်၍ခေါ်သည့် အလေ့အထမရှိပါ။ ကျွန်ုပ်တို့အနေဖြင့် သူတို့နှင့်တိုက်ရိုက်ပြောဆိုဆက်ဆံရာတွင် ဂုဏ်ပြုခြင်းဆိုင်ရာ နာမည်တစ်ခုခုတပ်၍ ပြောရ လေ့ရှိသည်။ ဣသရေလ လူမျိုးများနေဖြင့် ကျမ်းစာကိုဖတ်ရာတွင် ဘုရားသခင်၏နာမကို မြွက်ဆိုခြင်းမရှိပါ။ ဘုရားသခင်သည် သူ့ကိုယ်သူဖော်ပြရာတွင် အာဒိုနိုင်းဟုဖော်ပြလျက် ကျွန်ုပ်၏သခင်ဟု အနက်ရသဖြင့် သူ၏နာမကို တိုက်ရိုက်ဖော်ပြခြင်းမရှိပါ။

သို့သော် ယနေ့ ခရစ်ယာန်ဘာသာဝင်အချို့တို့သည် အရေးမပါဘဲ ဘုရားသခင်၏နာမကို အလွယ်တ ကူရည်ရွယ်ပြောဆိုသောအားဖြင့် သူ့ကို ကဲ့ရဲ့လှောင်ပြောင်ကြလျက်ရှိသည်။ ဘုရားသခင်သည် နှုတ်ကပတ် တော်ဖြစ်သဖြင့် သမ္မာကျမ်း စာကို ပြက်ရယ်ပြုခြင်းသည် ဘုရားသခင်ကို ကဲ့ရဲ့ခြင်းဖြစ်သည်။

ဘုရားသခင်၏ နာမတော်ကိုကဲ့ရဲ့ခြင်းသည် သူ၏ နာမတော်ကိုမရိုသေခြင်းဖြစ်သည်။ လူတစ်ဦးတစ် ယောက်သည် ဘုရးသခင်ထံမှသော်လည်းကောင်း ဝိညာဉ်တော်ထံမှသော်လည်းကောင်း ရူပါရုံရရှိသည်ဟု ဆိုပြီး အကယ်၍ ထိုအရာသည် သူ၏အကြံအစည်များသာဖြစ်လျှင် ထိုသူအတွက် အလွန်ပင်ကြောက်စရာကောင်း လှပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏အတွေးအခေါ် အသုံးအနှုန်း နှလုံးသား ဆုံးဖြတ်ချက်များကို သိရှိ တော်မူသော ဘုရားသခင်ဖြစ်သည်။ အကယ်၍ အထက်ပါအရာများကို နာလည်သဘောပေါက်လျှင် ဘုရား သခင်၏နာမတော်ကို မရိုသေဘဲ နေနိုင်မည်မဟုတ်ပါ။

ဤနေရာတွင် ထပ်မံသတိပြုရန် ရှိသေးသည်။ အကယ်၍ ဘုရားသခင်ကို ရိုသေလေးမြတ်သူဖြစ်လျှင် သူခိုင်းသည့် အမှုကို အသေးအမွှားမှစ၍ ဂရုတစိုက် ပြုလုပ်ရန် ရှိသဖြင့် သူ၏နာမတော်ကို အလွဲသုံးစားပြုခွင့် လုံးဝမရှိပါ။

ကျမ်းစာကို ဖတ်သောအခါ (သို့) ကျမ်းပိုဒ်ကို ကိုးကားရာတွင် ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်း ရှိပါစေ။ သန့်ရှင်းသောအရာကို မြတ်နိုးလျက် ကောင်းမွန်စွာ စောင့်ရှောက်ရမည်။အကယ်၍ အသင်းတော်၏ ဘဏ္ဍာငွေကြေးကို ထိန်းသောသူဖြစ်လျှင် မှန်ကန်တိကျစွာ ကိုင်တွယ်အသုံးပြုရမည်။ အသင်းတော်ပိုင်ခွက် တစ်လုံးကို ကွဲစေလျှင် အသစ်ပြန်ဝယ်ကာ အစားထိုးရမည်။ဘုရားသခင်ပိုင်သောအရာကို အသေးအမွှားမှစ၍ ဂရုစိုက်ရမည်။

ဘုရားသခင်၏ နာမအားဖြင့် လူတစ်ယောက်ကို အာမခံချက်ပေးရာတွင် (သို့) သန့်ရှင်းသော ဝိညာဉ် တော်အကြောင်း ဟောပြောရာတွင် ဇာတိသဘောအရပြောခြင်း၊ ကြမ်းတမ်းစွာပြောခြင်း၊ တရားစီရင်ခြင်း မပြု လုပ်ဘဲ ညင်သာစွာ ပြောရမည်။ဘုရားသခင်ကို ကြည်ညိုလေးစားသောသူတိုင်း သူပိုင်ဆိုင်သော အရာမှန်သမျှ စနစ်တကျ ကိုင်တွယ်အသုံးပြုရမည်။

### ၃) ဘုရားသခင်၏ နာမကို မှုသာအတွက်ပြောဆိုခြင်း။

ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်၏ နာမကို မုသာအတွက် ပြောဆိုသူများ၊ ဘုရားသခင်ဖော်ပြခြင်း မရှိသော ပရောဖက်စကားကို ပြောခြင်းဖြင့် လူထုကို လမ်းလွဲစေကြောင်း တွေ့ရသည်။ “ငါမမှာထားဘဲ ငါ့အခွင့် ကို ဆောင်၍ရဲရင့်စွာဟောပြောသော ပရောဖက်သည် အသေသတ်ခြင်းကို ခံရမည်ဟု ငါ့အား မိန့်တော်မူ၏။” (တရား ၁၈း၂၀)

ဘုရားသခင်၏ နာမကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူသည် သေဒဏ်စီရင်ခြင်းခံရမည်။ (ဗျာ၂၁း၈) ဘုရားသခင်၏ နာမဖြင့် ကျိန်ဆိုသော်ထားသော်လည်း မလိုက်နာလျှင် နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆို ခြင်းဖြစ်သည်။ “ငါ၏နာမကို တိုင်တည်၍ မဟုတ်မမှန်ဘဲ ကျိန်ဆိုခြင်းကို မပြုရ။သင်၏ ဘုရားသခင်နာမကို မရှုတ်ချရ။ ငါသည် ထာဝရဘုရားဖြစ်၏။” (ဝတ် ၁၉း၁၂)

သို့သော် ယုံကြည်သူအချို့တို့သည် ဘုရားသခင်၏ နာမကို မုသာနှင့်ဆိုင်၍ ပြောဆိုနေကြကြောင်း တွေ့ရသည်။ သူတို့အနေဖြင့် ဘုရားသခင်မပါဘဲ “ဆုတောင်းတဲ့အခါ ဝိညာဉ်တော်က ငါ့ကို ဒီလိုပြောတယ် (သို့) ဘုရားသခင်က ဒီအလုပ်ကို လုပ်နေတယ်” စသည်ဖြင့် အလွယ်တကူ ထုတ်၍ ပြောဆိုကြလေ့ရှိသည်။

ဘုရားသခင်၏ သားသမီးများသည် ဝိညာဉ်တော်၏ အသံတော်ကို ကြား၍ လမ်းပြမှုကို ခံယူရန်ရှိသော် လည်း မည်သို့သော အခြေအနေတွင်ဖြစ်စေ သူ၏အသံတော်ကို ကြားနိုင်မည်မဟုတ်ပါ။သူတို့သည် အပြစ်ကို စွန့်ပစ်ကာ သမ္မာတရားအားဖြင့် အစားထိုးသည့်နောက် ဝိညာဉ်တော်၏ အသံကို ပြတ်သားစွာ ကြားရလိမ့်မည်။ အသံတော်ကို ရာနှုန်းပြည့်ကြားရစေရန် ထိုအသံဝေဖန်ပိုင်းမှုဆိုင်ရာ သင်တန်းကို ရှေးဦးစွာ တက်ထားရမည်။ ကောင်းစွာ ဝေဖန်ပိုင်းခြားမှုမရှိနိုင်သရွေ့ ဝိညာဉ်တော်၏ အသံကို မှန်ကန်စွာ ကြားနိုင်မည် မဟုတ်ပါ။

ဤနည်းစနစ်ကို အိပ်မက်၊ ရူပါရုံအတွက်လည်း အသုံးပြုနိုင်သည်။ ဥပမာ-အိပ်မက်သည် ဘုရားသခင် (သို့) စာတန် (သို့) လူ၏ စိတ်ကူးယဉ်သည့်နေရာမှ ထွက်ပေါ်လာနိုင်သည်။ ထို့ကြောင့် အိပ်မက်ကို ဘုရားသ ခင်ထံမှရသည်ဟု အလွယ်တကူပြော၍ မရနိုင်ပါ။ တစ်ယောက်သောသူက ဝိညာဉ်တော်၏ အသံကြားရပြီဟု ပြောလျှင် နောက်ဆက်တွဲအကျိုးကို သတိထားလျက် စောင့်ကြည့်ရမည်။ ဘုရားသခင်ထံမှလာသည် (သို့) မလာပါဟု အဆောတလျင်မပြောဘဲ နောက်ဆက်တွဲရလဒ်ကို စောင့်ကြည့်ရမည်။

လူအချို့တို့သည် မိမိအပြစ်ကြောင့် ကြီးမားသည့်ဘေးဒဏ်ခံရသော်လည်း ဘုရားသခင်က ဒဏ်ခတ် သည်ဟု အလွယ်တကူ ပြောကြလေ့ရှိသည်။ သူတို့ဆန္ဒအတိုင်း ဖြစ်လာသောအခါ ဘုရားသခင်ကောင်း ချီးမင်္ဂ လာချပေးသည်ဟု အလွယ်တကူ ပြောကြသည်။ သို့သော် သူတို့စီစဉ်ထားသည့်အတိုင်း မဖြစ်လာသောအခါ ဘုရားသခင်က တားဆီးနေ သည်ဟု ပြောကြသည်။ သူတို့အနေဖြင့် အခေါ်အဝေါ်အမျိုးမျိုး ပြောင်းလဲသော် လည်း အမှန်အားဖြင့် ဘုရားသခင်၏ နာမကို မုသာအတွက် အသုံးပြုခြင်းသာ ဖြစ်သည်။ အချို့ကို မုသာသော သူများအနေဖြင့် ယုံကြည်ခြင်းကို ဝန်ခံကြသော် လည်း ဘုရားသခင်၏ နာမကို မုသာနှင့်ဆိုင်၍ ပြောခြင်းနှင့် မတူပါ။

အရာရာတိုင်းတွင် ဘုရားသခင်ကို အသိအမှတ်ပြုသော သူသည် ဘုရားသခင်၏ နာမကို မုသာနှင့် ဆိုင်၍မြွက်ဆို ခြင်းအပေါ် သတိထားပြီး မိမိပြောလိုက်သည့်အတိုင်း ပြုမူလိမ့်မည်။

ခရစ်တော်၌ ချစ်သောညီအစ်ကို မောင်နှမများ ဘုရားသခင်ကို စိတ်ထဲမှ ကြည်ညိုလေးစားသောသူသည် သူ၏နာမကို အလွဲသုံးစားမပြုဘဲ အရာရာတိုင်းအပေါ် ဘုရားသခင်ကို အရိုအသေပြုလိမ့်မည်။

အကယ်၍ သင်သည် ထိုသို့ပြုမူကျင့်ကြံနိုင်မည်ဆိုလျှင် သင်ပြောသည့်စကား၊ လုပ်သောအလုပ်တို့အပေါ် ကောင်းချီးပေးလျက် (၁ရာ ၂း၃၀) ကောင်းကင်နိုင်ငံ၏ ဂုဏ်ကျက်သရေအရှိဆုံးနေရာသို့ ပို့ဆောင်ခြင်းခံရ လိမ့်မည်။

Burmese
မန်းမင်းသတင်းလွှာ
မန်းမင်းဗဟိုအသင်းတော်မှ ထုတ်ဝေသည်။
လိပ်စာ - ၂၉၊ ဒီဂျီတယ်-ရို ၂၆-ကဲယ်၊ ကူရို-ကူ ဆိုးလ်၊ ကိုးရီးယား၊ ၁၅၂-၈၄၈
ဖုန်း - ၈၂-၂-၈၁၈-၇၀၄၇
ဖက် (စ်) - ၈၂-၂-၈၁၈-၇၀၄၈
အီးမေးလ် - manminen@manmin.kr
ထုတ်ဝေသူ - ဒေါက်တာဂျေရောက်လီ
အယ်ဒီတာချုပ် - သင်းထောက်မကြီး ဂူဆမ်ဗင်း



# သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်သည်ကို တွေ့ကြုံဖူးပါသလား

တမန်တော်ရှင်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်ထံမှယေရှုဆလင်မှ ယုဒပြည်တစ်ခုလုံးမှတဆင့် နေရာအနှံ့သို့ သတင်းကောင်းဝေငှရန် ရှုပါရုံရရှိခဲ့သည်။ တနည်းအားဖြင့် လူမျိုးအပေါင်းတို့ထံ သတင်း ကောင်း ဝေငှရန် အလိုရှိကြောင်း ရှုပါရုံပေးခဲ့သည်။ လူပေါင်း ၁၂၀ တို့သည် စုပေါင်းကာ သေခြင်းမှ ရှင်ပြန် ထမြောက်သောကိုယ်တော်ထံမှသန့်ရှင်းသောဝိညာဉ်တော်တန်ခိုးရရှိရန် အပေါ်ခန်းတွင် စောင့်နေကြ သည်၊ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့် ထိုသူအပေါင်းတို့သည် တန်ခိုးနှင့် ပြည့်စုံစေပြီး အခြား သော ဘာသာစကားဖြင့် စကားပြောကြားပြီး ဝိညာဉ်တော်၏လမ်းပြခြင်းကြောင့် ထိုနေ့တည်းတွင် ပျောက်ဆုံး သော ဝိညာဉ်ပေါင်း ၃၀၀၀ တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ကိန်းဝပ်ခြင်းခံခဲ့ရသည်၊ အမှန်ဆိုလျှင် ထိုနေ့ရက် သည် ခရစ်ယာန်များအတွက် ကနဦးအသင်းတော် စတင်ခဲ့သောနေရာသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် သည်ကဲ့သို့သောအလုပ်ကိုလုပ်ခဲ့သောကြောင့် အပြစ်သားများသည် ဝိ ညာဉ်တော်အားဖြင့် ပြည့်စုံခြင်းအခွင့်ထူးကို ရရှိနိုင်သည်။

## (၁) သန့်ရှင်းသောဝိညာဉ်တော်သည် အနာကိုငြိမ်းစေပြီး ငြိမ်းသက်ခြင်းကိုလည်း ပေးခဲ့သည်။

သခင်ယေရှုသည် နှစ်ခြင်းကို ခံယူပြီးလျှင်ပြီးခြင်း ရေမှတက်တော်မူသောအခါ မိုးကောင်းကင်သည် ကိုယ်တော်အတွက် ကွဲဟလျက် ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်အသွင်ဖြင့် ကိုယ်တော်၏အပေါ်မှာ နားတော်မူသည်ကို မြင်တော်မူ၏။ (မ ၃း၁၆)

ဘုရားသခင်သည် နှစ်ခြင်းဆရာယောဟန်အား ယေရှုသည် သူ့ထံမှ နှစ်ခြင်းခံယူပြီး ရေမှတက် တော် မူသောအခါ မိုးကောင်းကင်သည် ကိုယ်တော်အတွက် ကွဲဟလျက် ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက် အသွင်ဖြင့် ကိုယ်တော်၏ အပေါ်မှာ နားတော်မူသည်ကို မြင်စေသောကြောင့် ယေရှုသည် ဘုရားသခင်၏သား တော်ဖြစ်ကြောင်း သိခဲ့ရသည်။

သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်အသွင်ဖြင့် ကိုယ်တော်အပေါ်သို့ နားတော်မူခြင်းသည် ယေရှု သည် နူးညံ့သိမ်မွေ့ခြင်းနှင့်ပြည့်စုံကြောင်း ဖော်ပြသောသင်္ကေတဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် နေရာအနှံ့တွင် နည်းမျိုးစုံဖြင့် အလုပ်လုပ်ခဲ့သည်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ချိုးငှက်အသွင်ဖြင့် ဆင်း သက်ပြီးမှ အနာကိုငြိမ်းခြင်းနှင့် ငြိမ်းသက်ခြင်းကို ယုံကြည်သူအပေါင်းအား ပေးခဲ့သည်၊ အမှန်ဆိုလျှင် သန့်ရှင်း သောဝိညာဉ်တော်မဆင်းမီတွင် ပြဿနာပေါင်းစုံနှင့် ပြည့်နေခဲ့သည်။

## (၂) သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်သည် လေနှင့်တူပြီး အနာငြိမ်းခြင်းကို ပေးသည်။

ငှါအခါ လေပြင်းမုန်တိုင်းတိုက်ခိုက်သံနှင့်တူသောအသံသည် အထက်ကောင်းကင်မှရုတ်တရက်ပေါ် ထွက်လာ၏။ (တ ၂း၂)

သန့်ရှင်းသောဝိညာဉ်တော်သည် လေမုန်တိုင်းကဲ့သို့အလုပ်လုပ်သောအခါ သူ၏တန်ခိုးတော်သည်ကြီး မားလှသောကြောင့် အရာရာကို တုန်လှုပ်စေနိုင်ပြီး လူသား၏နှလုံးသားကိုလည်း လွယ်ကူစွာ ထိုးဖောက် နိုင်သည်၊

အကယ်၍ ကျွန်ုပ်တို့သည် နောင်တရပြီး သန့်ရှင်းသောဝိညာဉ်တော်၏ လှုပ်ရှားမှုကို လက်ခံမည်ဆိုလျှင် အသစ်သောခံစားမှုမျိုးကို ခံစားလာသည်သာမက ကျွန်ုပ်တို့၏အနာများကို ငြိမ်းကာ ပို၍ကောင်းသောအ သက်တာကို ပိုင်ဆိုင်လိမ့်မည်၊ တနည်းပြောလျှင် ကျွန်ုပ်တို့၏အနာများ လုံးဝပျောက်လိမ့်မည်၊

ကျမ်းစာအနှံ့တွင် ဘုရားသခင်၏ဖြစ်တည်ခြင်းနှင့်တန်ခိုးတော်ကို လေမုန်တိုင်းနှင့်တူကြောင်း ဖော်ပြ ထားသည်၊ (ထွ ၁၄း၂၁၊ ၄ရာ ၁၈း၄၅၊ ဟောရှေ ၁၃း၁၅) သခင်ယေရှုကိုယ်တိုင်ကလည်း သန့်ရှင်း သော ဝိညာဉ်တော်၏အလုပ်သည် လေမုန်တိုင်းနှင့်တူကြောင်း ဟောပြောခဲ့သည်။ "လေသည် အလိုရှိသည့်အတိုင်း သွားလာတတ်၏။ လေ၏ အသံကို သင်ကြားရသော်လည်း ဘယ်အရပ်က ဖြစ်သည်၊ ဘယ်အရပ်သို့သွား သည်ကို မသိနိုင်။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသူတိုင်းသည်လည်း ထိုနည်းတူပင်ဖြစ်သည်။" (ယော ၃း၈)

လေကို မျက်စိနှင့်မမြင်နိုင်သောကြောင့် မည်သည့်အရပ်မှလာ၍မည်သည့်နေရာသို့သွားကြောင်း မသိရ ပါ။ သို့သော် သစ်ရွက်များ၏ လှုပ်ရှားပုံ၊ ပတ်ဝန်းကျင်အခြေအနေကို သုံးသပ်ခြင်းအား ဖြစ်လေ့ရှိကြောင်း သိနိုင်သည်။ ထိုနည်းတူစွာ ဝိညာဉ်တော်ကို မမြင်ရသည်သာမက ထိတွေ့၍ မရသော်လည်း လူတို့၏ စိတ်နှလုံး ပြောင်းလဲခြင်း၊ တန်ခိုးနိမိတ်လက္ခဏာ အားဖြင့် သူတည်ရှိကြောင်း သိနိုင်သည်။

## (၃) သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် တောက်လောင်နေသော မီးနှင့်တူ၏။ ထိုမီးနှင့် တွေ့သောရောဂါ၏ အခြေအမြစ်၊ မှောင်မိုက်တန်ခိုး၊ အပြစ်၏သဘောသဘာဝတို့သည် ကျွမ်းလောင် ခြင်းခံရလိမ့်မည်။

"ထိုခဏချင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအသီးသီးတို့အပေါ်၌ တည် နေကြ၏။" (တ ၂း၃)

ဝိညာဉ်တော်၏ အလုပ်ကို သမ္မာကျမ်းစာတွင် မီးအားဖြင့် တင်စား၍ဖော်ပြထားကြောင်း မကြာခဏတွေ့ရသည်၊ (ဗတ္တိဇံဆရာ) ယောဟန်သည် လူအပေါင်းတို့အား ပြန်ပြောသည်ကား၊ ငါသည် သင်တို့အား ရေ၌ ဗတ္တိဇံကိုပေး၏။ ငါ့ထက်တက်စွမ်းနိုင်သောသူ (ယေရှုခရစ်) သည် ကြွလာသေး၏။ ထိုသူ၏ ခြေနင်းတော်ကြိုးကိုမျှ ဖြေရန်ငှာ ငါမထိုက်၊ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်၌၎င်း၊ မီး၌၎င်း၊ သင်တို့ကို ဗတ္တိဇံ (ဟေဗြဲ ၁၂း၂၉) ကျွန်ုပ်တို့အပေါ်သို့ မီးကျရောက်သောအခါ ဝိညာဉ်တော်၏ ဗတ္တိဇံကို ခံရလိမ့်မည်၊

အကယ်၍ ဝိညာဉ်တော်၏ ဗတ္တိဇံပေးခြင်းကို ခံရသောသူမှန်လျှင် ခန္ဓာကိုယ်၌ အပူဓာတ်စီးဆင်းမှု ခံရသည့်နောက် ရောဂါဝေဒနာ၏ အခြေအမြစ်များလောင်းကျွမ်းကာ မှောင်မိုက်တန်ခိုးများ ပျက်စီးလျက် ကုန် ဆုံးလိမ့်မည်၊ ထိုမီးအားဖြင့် ကျွန်ုပ်တို့၏ အပြစ်နှင့်ဆိုင်သော သဘောသဘာဝ၊ လောကကိုခင်တွယ်ခြင်းများ လောင်ကျွမ်းကာ ဘုရားသခင်အပေါ် အားကြီးသော မေတ္တာဖြင့် ချစ်လျက် ခန္ဓာ၏ခွန်အားဖြင့် မလုပ်နိုင်သော အလုပ်များကို လုပ်ဆောင်လာနိုင်လိမ့်မည်၊

ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် မည်သည့်ပြဿနာကိုမဆို ဖြေရှင်းနိုင်သည်သာမက အနာရောဂါရှိသူမျှ သက်သာပျောက်ကင်းခွင့်ရရှိလျက် အရာခပ်သိမ်းကို စွမ်းဆောင်နိုင်လိမ့်မည်။ ရောဂါရှိသူမျှသည် အပြစ်ကြောင့် ရောက်ရှိလာသဖြင့် အနာငြိမ်းခြင်းရလိုလျှင် အပြစ်ကို ဖယ်ရှားနိုင်ဖို့ ရှေးဦးစွာ အားထုတ်သင့်သည်၊ (ထွ ၁၅း၂၆)

## (၄) သဘာဝလွန်တန်ခိုးနိမိတ်လက္ခဏာများဖြင့် ဝိညာဉ်တော်၏ တန်ခိုးထွက်တတ်သည်။ မှုအန်ရေချို့ စမ်း ရေတွင်း၊ လက်ကိုင်ပုဝါ၏ တန်ခိုး၊ အသစ်တဖန်ပြုပြင်ခြင်း၏ တန်ခိုး။

"ဘုရားသခင်သည် ပေါလုလက်ဖြင့် အလွန်တရာထူးဆန်းသော တန်ခိုးများကို ပြတော်မူသည်ဖြစ်၍၊ ပေါလုသုံးသောပုဝါ၊ ခါးပန်းတစ်ခုခုကို အနာရောဂါရှိသော သူတို့ထံသို့ ပေးလိုက်၍ သူတို့သည် အနာရောဂါနှင့် ကင်းလွတ်ကြ၏။နတ်ဆိုးတို့လည်း ထွက်သွားကြ၏။" (တ ၁၉း၁၁-၁၂)

သမ္မာကျမ်းစာသည် အံ့သြဖွယ်သော အမှုများနှင့် ပြည့်နှက်လျက်ရှိသည်။ သခင်ယေရှုရေပေါ် ဝယ်လမ်း လျှောက်ခြင်း၊ လေပြင်းမုန်တိုင်းနှင့် လှိုင်းတံပိုးကို ငြိမ်းစေခြင်း၊ မုန့် (၅) လုံး၊ ငါး (၂) ကောင်ဖြင့် လူ (၅၀၀၀) ကို အစာကျွေးခြင်း၊ (၄) ရက်သေလွန်ပြီးမှ လာဇရုကို ပြန်လည်ရှင်ပြန်စေခြင်းစသော အမှုများ ဖြစ်ကြသည်။

တမန်တော်ပေါလုနှင့် ပေတရုတို့သည် ဝိညာဉ်တော်၏ တန်ခိုးကို ခံရပြီးမှ သေသူကို ရှင်စေပြီး ခြေ ထောက်မသန် မစွမ်းဖြစ်သူကို ပြန်လည်သက်သာပျောက်ကင်းစေပြီး ခုန်ပေါက်စေနိုင်ခဲ့ကြသည်။ (တ ၃း၁-၁၀၊ ၁၄း၈-၁၀) တမန်တော်ပေါလု သည် သူအသုံးပြုခဲ့သော ပုဝါ၊ ခါးစည်းများကို ရောဂါဝေဒနာရှင်များ၊ နတ်ဆိုးစွဲ သူတို့အားပေးလိုက်ရာတွင် အနာလွတ်ငြိမ်း ခွင့်ရရှိခဲ့ကြသည်။ (တ ၁၉း၁၁-၁၂)

ဘုရားသခင်သည် မနေ့ယနေ့ မပြောင်းလဲသော ဘုရားဖြစ်သည်။ ယနေ့တွင်လည်း ကျွန်ုပ်တို့လက် ခံယုံကြည်သော သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ထိုသို့သော သဘာဝလွန်ဖြစ်ရပ်များကို လုပ် ဆောင်ဖို့ အခွင့်ပေးခြင်းဖြင့် အနန္တတန်ခိုးရှင်ဘုရားဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။

သခင်ယေရှုက "ငါအမှန်အကန်ဆိုသည်ကား ငါ့ကို ယုံကြည်သောသူသည် ငါပြုသောအမှုတို့ကို ပြုလိမ့် မည်၊ ထိုအမှုတို့ ထက်သာ၍ ကြီးသောအမှုတို့ကိုလည်း ပြုလိမ့်မည်၊ အကြောင်းမူကား ငါသည်ခမည်းတော် ထံသို့သွား၍" (ယော ၁၄း၁၂) ဟု မိန့်တော်မူ၏။သန့်ရှင်းသော ဝိညာဉ်တော်၏ တန်ခိုးအားဖြင့် နိမိတ်လက္ခဏာပေါင်းများစွာ ပြတော်မူသော ဘုရားသခင်၏ ဂုဏ်တော်ချီးမွမ်းခြင်းရှိပါစေသော။

# "ဘုရားသခင်၏ မေတ္တာနှင့်တန်ခိုးတော်ကို ကျွန်ုပ်တွေ့ခဲ့ရပါပြီ"

ဒေါက်တာဂျေရောဘတ် (အသက်–၅၂နှစ်)
အိန္ဒိယပြည် ချီးမွမ်းခြင်းရဲတိုက်မြို့ အသင်းတော်၏သင်းအုပ်ဆရာ



မူအန်ရေချိုတွင်းရှိ အလှမွေးငါးကန်၏ ဘေးမှ ဒေါက်တာဂျေရောဘတ်နှင့်ဇနီး ဖြစ်တိက နဗာရိုဇီအိုင်ဝင်

ကျွန်ုပ်သည် ဟိန္ဒူမိသားစုမှ မွေးဖွားလာသဖြင့် ခရစ်ယာန်ဘာသာအကြောင်းမသိခဲ့ရပါ။သို့သော် ကျွန်ုပ်၏ အသက် (၂၀) ပြည့်နှစ်တွင် ကောလိပ်မှ ကထိကဟောပြောမှုဖြင့် သခင်ဘုရားကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ရသည်။ ထို့နောက် ကျွန်ုပ်၏မိခင်သည် အမည်မသိရောဂါဖြင့် သေအံ့ဆဲဆဲဖြစ်သည့်နေရာမှ အနာငြိမ်းခွင့်ရရှိခဲ့ သည်။ ထို့နောက် မိသားစုအားလုံးခရစ်ယာန်ဘာသာဝင်ဖြစ်လာကြသည်။ ကျွန်ုပ်သည် ခရစ်ယာန်အသက်တာကို စိတ်အားထက်သန်စွာ လိုက်လျှောက်နေစဉ် သင်းအုပ်ဆရာ၏ သမီးဖြစ်တိလ နဗာရိုဇီအိုင်နှင့် တွေ့၍ လက် ထပ်ခဲ့သည်။

ကျွန်ုပ်၏ယောက္ခမသင်းအုပ်ဆရာ အိုင်ရောဘတ်သည် ကောင်းသောရှမာရိမိဿဟာယအဖွဲ့ ဥက္ကဌ ဖြစ်သဖြင့် လူအများ၏ ချစ်ခင်လေးစားမှုခံရသော သူဖြစ်သည်။ သူသည် ဒေါက်တာဂျေရောက်လီ၏ ၂၀၀၂ ခု အိန္ဒိယနိုင်ငံစုပေါင်း တရားပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဌ တာဝန်ကိုလည်း ထမ်းဆောင်ခဲ့ရသည်။ ထိုစဉ် ကျွန်ုပ်သည် ကရုန်ယတက္ကသိုလ်၏ ဓာတုဗေဒဘာသာရပ်အတွက် ကထိကတစ်ဦးဖြစ်ခဲ့သည်။ထိုတရားပွဲအတွက် ကျွန်ုပ်သည် ဆုတောင်းခြင်းဖြင့် ပါဝင်ခဲ့ရပြီး လာရောက်ပါဝင်သူပေါင်း (၃) သန်းနှင့် အထက်ရှိသဖြင့် အိန္ဒိယ ခရစ်ယာန်သမိုင်းတွင် အအောင်မြင်ဆုံးတရားပွဲဖြစ်ခဲ့သည်။

ဒေါက်တာဂျေရောက်လီ၏ တရားဒေသနာသည် ရှင်းလင်းပြတ်သားမှုရှိသည့်အပြင် သူ၏ဆုတောင်းချက်ကြောင့် ရောဂါဝေဒနာရှင်များစွာ အနာငြိမ်းခြင်း အခွင့်ရရှိခဲ့ကြသည်။ ဤတရားပွဲကြောင့် အိန္ဒိယအသင်းတော်များစွာ နိုးထမှု ဖြစ်ခဲ့သည်။

ထိုနိုးထမှုအရှိန်အားဖြင့် အိန္ဒိယခရစ်ယာန်အသင်းတော်များကို စုစည်းကာ တမီလ်နာဒူပင်တေကုတ္တေ အသင်းတော်များ အဖွဲ့ချုပ်ကို ထူထောင်ကာ ဥက္ကဌနှင့် ထူထောင်သူ တာဝန်ကိုထမ်းယူခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဒေါက်တာဂျေရောက်လီ၏ လက်ဝါးကပ်တိုင်နှင့်ဆိုင်သော သတင်းစကားဆိုသည့် တရား ဟောချက်တမီလ်ဘာသာဖြင့် ရုပ်သံလွှင့်အစီအစဉ်မှ လွှင့်ထုတ်နိုင်ရန် ကျွန်ုပ်အနေဖြင့် ပါဝင်ကူညီခဲ့သည်။ ၎င်းကို အက်စ်အစ်က်စ် တီဗွီဂီတလိုင်းမှတဆင့် ထုတ်လွှင့်ခဲ့သည်။ ထို့နောက် ထာဝရအသက်ကို မြည်းစမ်းခြင်း ဆိုသည့် စာအုပ်ကိုလည်း တမီလ်ဘာသာဖြင့် ထုတ်ဝေရန် ကျွန်ုပ်အနေဖြင့်တည်းဖြတ်ခဲ့သည်။ ထိုစာအုပ်အား ဖြင့် ဘုရားသခင်၏ အလိုတော်ကို တိကျစွာ သိခွင့်ရခဲ့သဖြင့် ကျွန်ုပ်၏စိတ်တို့ထိမှုများစွာ ခံခဲ့ရသည်။ ထို့အပြင် ချီးမွမ်းခြင်းရဲ တိုက်မြို့အသင်းတော်တွင်စေတနာဝန်ထမ်းလုပ်ငန်းများစွာကို လည်း တာဝန်ယူခဲ့ရသည်။ ကျွန်ုပ်၏ ယောက္ခမကလည်း သူ၏အသင်းတော်တွင် သင်းအုပ်တာဝန်ကို ကျွန်ုပ်အာစေး ပေးဖို့ဆန္ဒရှိသည်။

၂၀၁၀ ပြည့်နှစ်တွင် သူသည် ခေါ်တော်မူခြင်းခံရသည့်နောက် ဘုရားသခင်ကျွန်ုပ်တို့ တာဝန်ပေးပြီဟု သိရသဖြင့် သင်းအုပ်တစ်ပါးဖြစ်လာသည်။

ဂျေရောက်လီဟောပြောသောသတင်းကောင်းကို GCN (www.gcntv.org) မှ ကျွန်ုပ်အမြဲ ကြည့်ခဲ့သည်။ ထိုစဉ်မန်းမင်းဗဟိုအသင်းတော်သို့ အလည်အပတ်သွား ရောက် ကာ သူနှင့်တွေ့ဆုံဖို့ ဆန္ဒရှိလာသည်။ ကျွန်ုပ်သည် ဆိုးလ်မြို့သို့ နောက်ဆုံးရောက်ခဲ့သည့်အချိန် ၂၀၁၄ ခု အောက်တိုဘာလတွင် (၃၂) ကြိမ် မြောက် အသင်းတော်၏ နှစ်ပါတ်လည်နေကျင်းပခဲ့ကြသည်။ သင်းအုပ်ဒေါက်တာလီသည် အလွန်နှိမ့်ချသောသူ၊ မှန်ကန်သောလူဖြစ်သောကြောင့် သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသော နိမိတ်လက္ခဏာများစွာကို ပြသနိုင်ခြင်း ဖြစ်သည်။ သူသည် ပျောက်ဆုံးသောဝိညာဉ်များအပေါ် မေတ္တာစိတ်အပြည့်အဝရှိကြောင်း တွေ့ရသည်။ ထိုနေရာတွင် ပခုံးနှစ်ဖက်ကိုက်ခဲသည့် ဝေဒနာသက်သာပျောက်ကင်းခွင့်ရရှိ ခဲ့သည်။

လွန်ခဲ့သော နှစ်များက ဘယ်ဖက်ပခုံးကို ကောင်းမွန်စွာ လှုပ်ရှား၍မရခဲ့ပါ။ ထိုပခုံးသည် အလွန်နာကျင်ကိုက်ခဲလာ သောကြောင့် "ဒီပခုံးမရှိရင် ကောင်းမှာပဲ" ဟု ပင်တွေးတောခဲ့သည်။ သည်ပခုံးရောဂါကို ပျောက်ကင်းစေရန် နည်းမျိုးစုံ သုံးနှင့် ဆေးမျိုးစုံကိုသောက်ခဲ့ပါပြီး ကုသခဲ့သော်လည်း သက်သာခြင်းမရှိဘဲ ကိုက်ခဲနေဆဲဖြစ်ပါသည်။

(၃၂) ကြိမ်မြောက် အသင်းတော်၏ နှစ်ပါတ်လည်အစည်းအဝေးသို့ တက် ရောက်နိုင်ရန် ကျွန်ုပ်သည် ခရီးစရိတ် ငွေ ရှာဖွေပြီး ဒေါက်တာလီ၏ ဆုတောင်းချက်ဖြင့် ရေငန်မှရေချိုအဖြစ်သို့ ပြောင်းလဲခဲ့သည်။ မူအန်ရေတွင်းသို့ အခြားပြည်ပမှ လာသည့် ဧည့်သည်များနှင့် အတူ သွားခဲ့သည်။ထိုရေကန်တွင် ကျွန်ုပ်သည် (၇) ကြိမ် မိမိကိုယ်ကို နှစ်ခဲ့သည်။ ကျွန်ုပ်၏ ဘယ်ဖက်ပခုံးနာကျင်ကိုက်ခဲမှု ပျောက်ကင်းသက်သာခွင့်ရ ရှိခဲ့သည်။ ဟာလေလုယာ။

အိန္ဒိယသို့ ပြန်ရောက်ပြီးမှ ကျွန်ုပ်၏ အသင်းတူသားများအတွက် ဒေါက်တာဂျေရောက်လီ၏ မေတ္တာဖြင့် အစေခံခဲ့ ခြင်းကို ပြန်လည်ဆင်ခြင်ခဲ့သည်။ အင်တာနက်မှတဆင့် ဒေါက်တာလီ၏ တရားဟောချက်များကိုလည်း အဆက်မပြတ် ကျွန်ုပ်နားထောင်ခဲ့ရပါသည်။ အိန္ဒိယနိုင်ငံ ချင်နိုင်းမန်းမင်အသင်းတော်၏ သင်းအုပ်ဆရာဂျိုးဇက်ဟန်ကလည်း တရားဟောချက်များစွာ ပြင်ဆင်ပေးခဲ့သည်။ တန်ဖိုးကြီးမားလျက် သန့်ရှင်းသောဧဝံဂေလိတရားကို သိခွင့်ပေးသော ဘုရားသခင်၏ဂုဏ်ကျေးဇူးတော် ကို ချီးမွမ်းလျက်ရှိသည်။

# "ကျွန်မ၏ ဖခင်ကိုကယ်တင်လျက် ကျွန်မကို ကိုယ်ဝန်ဆောင်ခွင့်ပေးသောကိုယ်တော်"

ဒေါ်ချီလီနာ (၂၉) နှစ် တရှုတ်အသင်းတော်



ကျွန်မ၏ တရုတ်ပြည်ကိုးလင်မြို့တွင် မွေးဖွားခဲ့ပြီး ဖခင်နှင့်အတူ ဘုရားကျောင်းသို့သွားခဲ့သည်။ သို့ခရစ်ယာန်အသက်တာကိုကောင်းစွာ လျှောက်လှမ်းနိုင်ခြင်းမရှိခဲ့ပါ။

ကျွန်မ၏ ဖခင်သည်စိတ်တို၍ ဒေါသကြီးသည့်အပြင် တိကျမှုရှိသောသူ ဖြစ်သည်။ သူသည် ကျွန်မ၏မိ ခင်ကို ရိုက်သောအခါ ကျွန်မလည်း မခံမရပ်နိုင် ဖြစ်ခဲ့သည်။ ထို့ကြောင့် သူ့ကိုထားခဲ့ဖို့စီစဉ်ခဲ့ကြသည်။

မိခင်၏ တိုက်တွန်းချက်အရ အသစ်သောခရစ်ယာန်အသက်တာကို အစပြုနိုင်ရန် ၂၀၀၇ ခု၊ ဇန်န ဝါရီလတွင် တောင်ကိုရီးယားနိုင်ငံရှိ မန်းမင်ဗဟိုအသင်းတော်သို့ သွားခဲ့သည်။ ငွေကြေးရှာဖွေသည့် ဖိစီးမှု ကြောင့် ဘုရားကျောင်းသို့ မှန်မှန်မတက်နိုင်ခဲ့ပါ။

မကြာမီ ကျွန်မ၏ မိဘနှစ်ပါးလည်း တောင်ကိုရီးယားနိုင်ငံသို့ရောက်ရှိလာခဲ့ကြသည်။ မိခင်သည် ကျွန်မအတွက် ဆုတောင်းပေးသော်လည်း ဖခင်သည် ဆီးချိုရောဂါခံစားရလျက်ရှိသည်။ ကျွန်မနောင်တရပြီး ဘုရားသခင်နှင့်တွေ့ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ကျွန်မ၏ ဖခင်ပြန်လည်နောင်တရစေရန် မိခင်က အသည်းအသန်ဆုတောင်း ပေးခဲ့သည်။ ကျွန်မလည်း ကြိုးစား၍ ဖခင်အတွက် ဆုတောင်းပေးခဲ့ရာ သူ့ကို ခွင့်လွှတ်တတ်သည်စိတ် ဖြစ်ပေါ် လာခဲ့သည်။

သူသည် ဆီးချိုရောဂါကြောင့် မျက်စိမမြင်နိုင်သည့် အနေအထားသို့ ရောက်ခဲ့သော်လည်း ဒေါက်တာဂျေရောက်လီ၏ ဆုတောင်းချက်ခံယူပြီးမှတစ်ဖန် မြင်နိုင်သည့် အခွင့်ရရှိခဲ့သည်။ သူသည် နောင်တရလျက် ဘုရားကျောင်း ပုံမှန်တက်ကာ ယုံကြည်ခြင်းရရှိခဲ့သည်။

၂၀၁၃ခု-ဖေဖော်ဝါရီလတွင် သူသည် မြက်ခင်းပေါ်ရှိ ပန်းခြံတစ်ခိုကို အိပ်မက်မက်ခဲ့သည်။ သူသည် အခြားနေရာသို့သွားရန် လက်မှတ် (၂) စောင့်ကို ရရှိခဲ့သည်။ထို့ကြောင့် ကောင်းကင်နိုင်ငံသို့ ဝင်ခွင့်ရပြီဆိုသော စိတ်ချမှုကို ရရှိခဲ့သည်။ သူသည် ဝမ်းမြောက်လျက် ကလေးတစ်ယောက်ပမာခုန်ပေါက် ပြေးလွှားခဲ့သည်။ ထို့နောက် မကြာမီ ခေါ်တော်မူခြင်း ခံခဲ့ရသည်။

သူ၏ အဖြစ်အပျက်ကြောင့် ကျွန်မလည်း ကောင်းကင်နိုင်ငံဝင်ဖို့စိတ်ချမှုသာ၍ ရရှိလာပြီး အထက်မှ ဆင်းသက်လာသည့် ကောင်းချီးမင်္ဂလာများ ခံစားခဲ့ရသည်။ ကျွန်မကိုယ်ဝန်မရနိုင်ဘဲ နှစ်နှစ်ကြာမြင့်ခဲ့သည်။ သို့သော် နှစ်သစ်ကူးနေ့တွင် ဒေါက်တာဂျေရောက် လီ၏ ဆုတောင်းချက်ခံရပြီးမှ ကျွန်မကိုယ်ဝန်ရလာသည်။ ၂၀၁၄ ခု အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျန်းမာ သောသားငယ်လေး မွေးဖွားခွင့်ပေးခဲ့သည့် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းပါ၏။

GCN Global Christian Network
ဖုန်း - ၈၂-၂-၈၂၄-၇၁၀၇
www.gcntv.org
အီးမေးလ် - webmaster@gcntv.org

MIS အပြည်ပြည်ဆိုင်ရာမန်းမင်းစေမီနာရီ
ဖုန်း - ၈၂-၂-၈၁၈-၇၃၃၄
www.manminseminary.org
အီးမေးလ် - manminseminary2004@gmail.com

World Christian Doctors Network WCDN ကမ္ဘာလုံးဆိုင်ရာခရစ်ယာန်ဆရာဝန်များနက်ဝပ်
ဖုန်း - ၈၂-၂-၈၁၈-၇၀၃၉
www.wcdn.org
အီးမေးလ် - wcdnkorea@gmail.com

ယူရင်းစာအုပ်တိုက်
ဖုန်း - ၈၂-၇၀-၈၂၄၀-၂၀၇၅
www.urimbooks.com
အီးမေးလ် - urimbook@hotmail.com